


[ဤနေရာတွင် စာရင်းသွင်းပါ။]

မြန်မာ့ စစ်ကောင်စီ တပ်ဖွဲ့များသည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ဆယ်စုနှစ်များစွာ ကျူးလွန်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုများအတွက် တာဝန်ရှိသည်။ ယခုအချိန်အထိ ထိုပြစ်မှုများကို ကျူးလွန်ခဲ့သူများနှင့် စီမံဖန်တီးသူများသည် အပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်း အခွင့်ထူးကို စံစားနေခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု ဖြစ်ပြီးစဉ်ကစပြီး မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) အနေနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှ ပြဋ္ဌာန်းသည့် ရောမဥပဒေ အပါအဝင် နိုင်ငံတကာဥပဒေ သဘောတူညီချက် စာချုပ်များအတွင်းသို့ မြန်မာနိုင်ငံအား ဝင်ရောက်ပါဝင်စေနိုင်မည်လား အစရှိသည့် မေးခွန်းများ ထွက်ပေါ်လာခဲ့သည်။

**"မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများမှ အပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း(အင်ပျူနတီ) ကို အဆုံးသတ်ခြင်း"**ဟု ခေါင်းစဉ်ရှိသည့် Fortify Rights ၏ ဥပဒေရေးရာသုံးသပ်ချက်က NUG အစိုးရအနေနှင့် ICC မှနေပြီး မြန်မာနိုင်ငံတွင် ရက်စက် ကြမ်းကြုတ်သော ပြစ်မှုများကို ကျူးလွန်ခဲ့သည့် သူများကို စုံစမ်းစစ်ဆေးပြီး စီရင်နိုင်စေရန်အတွက် ၎င်းထံသို့ မည်သို့မည်ပုံ တရားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်မည်ဆိုသည့် တွေ့ရှိချက်အသစ်များကို ဖော်ပြထားသည်။

**Fortify Rights မှ ကျင်းပမည့် အွန်လိုင်း Zoom သတင်းစာရှင်းလင်းပွဲတွင် ၄၈ မျက်နှာ ပါရှိသော (အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရနိုင်မည့်) အစီရင်ခံစာကို စတင်ဖြန့်ဖြူးမည် ဖြစ်ပါသည်။ ထိုသတင်းစာ ရှင်းလင်းပွဲတွင် အကြံပြုချက် များနှင့် အစီရင်ခံစာပါ ရှာဖွေတွေ့ရှိချက်များအား ဦးဆောင် ဆွေးနွေးသွားမည့် သူများကိုလည်း ထည့်သွင်း စဉ်းစားထားသည်။**

ဤပွဲတွင် ဟောပြောမည့်သူများတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည်။

- ဦးအောင်မျိုးမင်း၊ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေး အစိုးရ၏ လူ့အခွင့်အရေးဝန်ကြီး
- Kerry Kennedy (ကယ်ရီ ကနေဒီ)၊ Robert F. Kennedy လူ့အခွင့်အရေးအဖွဲ့၏ ဥက္ကဋ္ဌ ၊ Fortify Rights နိုင်ငံတကာ အကြံပေး ဘုတ်အဖွဲ့ ဝင်
- Abdul Rasheed (အဘ်ဒူးလ်ရာရှီဒ်)၊ ကိုလမ်ဘီယာ ဥပဒေကျောင်း၏ practitioner-in-residence၊ ရိုဟင်ဂျာ ဖောင်ဒေးရှင်း၏ တည်ထောင်သူ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပါတီအဖွဲ့ဝင်
- မွန်းနေလီ၊ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီး အဖွဲ့အစည်း (Kachin Women's Association of Thailand - KWAT) ၏ ပြောရေးဆိုခွင့်ရှိသူ
- George M. Mackie (ဂျော့ဂျ် အမ် မက်ကီ)၊ Fortify Rights ၏ ဥပဒေရေးရာအကြံပေး
- Matthew Smith (မတ်သရူး စမစ်သ်)၊ Fortify Rights ၏ CEO၊ ပူးတွဲတည်ထောင်သူ

အင်္ဂလိပ်နှင့် မြန်မာဘာသာ နှစ်မျိုးစလုံးဖြင့် ဘာသာပြန်ပေးသွားမည် ဖြစ်ပါသည်။

အချိန်။ ။ ဩဂုတ်လ ၁၉ ရက် (ကြာသပတေး)၊ မနက် ၈:၃၀ မှ ၉:၃၀ အထိ (မြန်မာစံတော်ချိန်)

နေရာ။ ။ ဤသတင်းစာ ရှင်းလင်းပွဲတွင် ပါဝင် တက်ရောက်နိုင်ရန်အတွက် ဤလင့်ခ်ကို နှိပ်ပါ (သို့မဟုတ်) စာရင်းပေးသွင်းနိုင်ရန်အတွက် အပေါ်တွင်ပြထားသည့် ခလုတ်ကို နှိပ်ပါ။

Fortify Rights အကြောင်း။ ။ Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေးရရှိကြောင်းသေချာအောင် ဆောင်ရွက်သည့်အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့်အာဏာရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက်လူထုတို့၏လုပ်ငန်းများ အားကောင်းအောင်ဆောင်ရွက်ပေးသည်။

မိမိတို့အနေဖြင့် အထောက်အထားအခြေပြုသုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအား နှင့် တစ်သီးပုဂ္ဂလများ၊ လူထုအသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက်တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့် နီးကပ်စွာပူးပေါင်းလုပ်ဆောင်ခြင်း စသည်တို့၏ လွှမ်းမိုးနိုင်မှုအပေါ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

**အစီရင်ခံစာ မိတ္တူများကို တောင်းခံရန်အတွက်သော်လည်းကောင်း၊ ပွဲမစမီနှင့် ပွဲအပြီး တစ်ဦးချင်း အင်တာဗျူး ပြုလုပ်လိုသော်လည်းကောင်း၊ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက အောက်ဖော်ပြပါအတိုင်း ဆက်သွယ်နိုင်ပါသည်။**

Media@FortifyRights.org (အင်္ဂလိပ် ဘာသာစကား၊ မြန်မာ ဘာသာစကား၊ ထိုင်း ဘာသာစကား)